# Information Sheet



VOLUME I, ISSUE 11 11 January 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | (၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားကျင်းပ | ၁ |
| ၂ | မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အစီအမံများအပေါ် လိုက်နာရန်ပျက်ကွက်ခဲ့သည့် အမေရိကန်နိုင်ငံသားနှစ်ဦးနှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ခြင်း | ၃ |
| ၃ | ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးပြောကြား | ၅ |
| ၄ | ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် တောင်ကြီးမြို့နှင့် ရပ်စောက်မြို့နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ သွားရောက်ကြည့်ရှုစစ်ဆေး | ၆ |
| ၅ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၇ |
| ၆ | ယင်းမာပင်မြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရန်အတွက် ဦးနှောက်ကျေးရွာ၌ စုဝေးရောက်ရှိနေသည့် အကြမ်းဖက်အဖွဲ့များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ဖမ်းဆီး | ၉ |
| ၇ | တကောင်းနီကယ်စက်ရုံသို့ သွယ်တန်းထားသည့် လျှပ်စစ်တာဝါတိုင်များအား မိုင်းထောင်ဖောက်ခွဲခဲ့သည့် အကြမ်းဖက်သမားအချို့ ဖမ်းဆီးရမိ | ၁၁ |
| ၈ | လှိုင်လင်မြို့နယ်တွင် ငွေကျပ် ၁၇ ဒသမ ၃ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)များ သိမ်းဆည်းရမိ | ၁၂ |

# Information Sheet

## (၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားကျင်းပ




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှပေးပို့သည့် (၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့ ဂုဏ်ပြုသဝဏ်လွှာအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်က ဖတ်ကြားနေမှု**

(၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားကို ဇန်နဝါရီလ ၁၀ ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ်၊ အစိုးရအဖွဲ့ရုံးမြက်ခင်းပြင်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားသို့ တက်ရောက်လာကြသူများသည် နိုင်ငံတော်အလံအား အလေးပြုကြပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှပေးပို့သည့် (၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့ ဂုဏ်ပြုသဝဏ်လွှာအား ဖတ်ကြားခဲ့ပါသည်။

အခမ်းအနားတက်ရောက်လာကြသူများက ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး မြက်ခင်းပြင်၌ ကျင်းပပြုလုပ်သည့် ကချင်ရိုးရာမနောပွဲတော်အား ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြပြီး ကချင်ပြည်နယ်နေ့အထိမ်းအမှတ် ဌာနဆိုင်ရာများမှ ဖွင့်လှစ်သည့် ပြခန်းများနှင့် အရောင်းပြခန်းများကို လိုက်လံကြည့်ရှုခဲ့ကြပါသည်။

မွန်းလွဲပိုင်းတွင် (၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို မြစ်ကြီးနားမြို့၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝန်ကြီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆုပထမအဆင့်(၈)ဦး၊ ဒုတိယအဆင့်(၁၆)ဦး၊ တတိယအဆင့်(၂၂)ဦး၊ စီးပွားရေးဆိုင်ရာထူးချွန်ဆု ဒုတိယအဆင့်(၅)ဦး၊ တတိယအဆင့်(၁)ဦး၊ လူမှုရေးဆိုင်ရာထူးချွန်ဆု ပထမအဆင့်(၆)ဦး၊ ဒုတိယအဆင့်(၁၁)ဦး၊ တတိယအဆင့်(၉)ဦးနှင့် ဂုဏ်ပြုမှတ်တမ်းလွှာရရှိသူ(၁၉၃)ဦး၊ စုစုပေါင်း(၂၇၁)ဦးတို့အား ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၁-၁-၂၀၂၂)**

# (၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားကျင်းပနေသည့်မှတ်တမ်းဓာတ်ပုံများ








- (၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့ ဂုဏ်ပြုသဝဏ်လွှာအား ဖတ်ကြားခဲ့။
- အခမ်းအနားတက်ရောက်လာကြသူများက ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး မြက်ခင်းပြင်၌ ကျင်းပပြုလုပ်သည့် ကချင်ရိုးရာမနောပွဲတော်အား ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြပြီး ကချင်ပြည်နယ်နေ့အထိမ်းအမှတ် ဌာနဆိုင်ရာများမှ ဖွင့်လှစ်သည့်ပြခန်းများနှင့် အရောင်းပြခန်းများကို လိုက်လံကြည့်ရှုခဲ့။
- (၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်ဆုရရှိသူ စုစုပေါင်း(၂၇၁)ဦးတို့အား ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်ခဲ့။

---

## မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အစီအမံများအပေါ် လိုက်နာရန်ပျက်ကွက်ခဲ့သည့် အမေရိကန်နိုင်ငံသားနှစ်ဦးနှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါပျံ့နှံ့မှုအား ကာကွယ်နိုင်ရန်အတွက် ပြည်ပ/ပြည်တွင်း လိုက်နာရမည့် လုပ်ငန်းစဉ်များအား အပြည့်အဝချမှတ်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၏ ကိုဗစ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးစည်းကမ်းချက်များအား လိုက်နာရန် ပျက်ကွက်ခဲ့သည့် အမေရိကန်နိုင်ငံသားနှစ်ဦးသည် သံတမန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို ပြောင်ပြောင်တင်းတင်းချိုးဖောက်လိုက်ခြင်းဖြစ်သဖြင့် ပြင်းထန်စွာ ကန့်ကွက်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီလ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။

### သတင်းထုတ်ပြန်ချက်

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါပျံ့နှံ့မှုအား ကာကွယ်နိုင်ရန်အတွက် ပြည်ပ/ ပြည်တွင်း လိုက်နာရမည့် လုပ်ငန်းစဉ်များအား အပြည့်အဝ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ လတ်တလော ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဖြစ်ပွားနေသည့် အိုမီခရွန်ဗိုင်းရပ်စ် ဗီဇမျိုးကွဲ ကူးစက်ပျံ့နှံ့မှုအား ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ၁၆-၁၂-၂၀၂၁ ရက်နေ့တွင် ထုတ်ပြန်ထားသော "အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ဂိတ်များနှင့် နယ်စပ်ဝင်/ ထွက်ဂိတ်များမှ မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအတွက် အသွားလာကန့်သတ်မှုနှင့် ခတ်ခွဲစမ်းသပ်စစ်ဆေးခြင်းဆောင်ရွက်မည့်အစီအစဉ်နှင့်စပ်လျဉ်း၍ ထပ်မံဖြည့်စွက်ထားသည့် လုပ်ငန်းစဉ်" ကြေညာချက်ကို ယင်းနေ့၌ပင် ရန်ကုန်မြို့ အခြေစိုက် နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသို့ ပေးပို့ထားပြီး ယင်းအတိုင်း လိုက်နာရန် အသိပေးပြီးဖြစ်သည်။

၂။ ၂-၁-၂၀၂၂ ရက်နေ့တွင် မြန်မာနိုင်ငံသို့ လေကြောင်းမှ ဝင်ရောက်ခဲ့သည့် အမေရိကန် သံတမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူတစ်ဦးသည် ဆရာစံဟိုတယ်၌ Quarantine နေထိုင်စဉ် ခတ်ခွဲခန်းစစ်ဆေးချက်အရ ၄-၁-၂၀၂၂ ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိခဲ့ပါသည်။ ထို့အပြင် ၃-၁-၂၀၂၂ ရက်နေ့တွင် မြန်မာနိုင်ငံသို့ လေကြောင်းမှ ဝင်ရောက်ခဲ့သည့် အမေရိကန်သံရုံးဝန်ထမ်းတစ်ဦးသည် Pan Pacific Hotel ၌ Quarantine နေထိုင်နေစဉ် ၆-၁-၂၀၂၂ ရက်နေ့၊ ခတ်ခွဲခန်းစစ်ဆေးချက်အရ ကိုဗစ်-၁၉ ရောဂါပိုး ထပ်မံတွေ့ရှိခဲ့သည်။ ကိုဗစ်ရောဂါပိုးတွေ့ရှိသူများအား ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသည့် စံသတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ထားသည့် ဆေးရုံများ(အစိုးရနှင့် ပုဂ္ဂလိကဆေးရုံများ)သို့ တက်ရောက်ကုသမှုခံယူရန် အသိပေးခဲ့သော်လည်း အမေရိကန်သံရုံးဝန်ထမ်းတစ်ဦးနှင့် အပေါင်းအပါတို့က မည်သည့်ခွင့်ပြုချက်မှမပါရှိဘဲ ဟိုတယ်သို့ လာရောက်၍ ပိုးတွေ့ရှိသူ အမေရိကန်နိုင်ငံသားနှစ်ဦးအား ၎င်းတို့၏ အစီအစဉ်ဖြင့် ကုသမည်ဆိုကာ ပြန်လည်ခေါ်ဆောင်သွားခဲ့သည်။

၃။ ယခုအခါ အိုမီခရွန်ဗိုင်းရပ်စ်ဗီဇမျိုးကွဲများ ကမ္ဘာတစ်ဝန်း လျင်မြန်စွာ ကူးစက်ပျံ့နှံ့နေသည့်အတွက် မြန်မာနိုင်ငံအစိုးရအနေဖြင့် ယင်းရောဂါပိုး မြန်မာနိုင်ငံသို့ ဝင်ရောက်လာခြင်းမရှိစေရန်နှင့် မြန်မာနိုင်ငံအတွင်း ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန်အတွက် WHO ၏ စံညွှန်းများနှင့်အညီ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ကုသရေးဆိုင်ရာလမ်းညွှန်ချက်များချမှတ်၍ ကြပ်ကြပ်မတ်မတ်ဆောင်ရွက်နေသည့်ကာလဖြစ်သည်။ ၎င်းပြင် သံတမန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း အပိုဒ် ၄၁ တွင် "အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ ရရှိသူအားလုံးသည် မိမိတို့၏ အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များကို မထိခိုက်စေဘဲ၊ လက်ခံသည့်နိုင်ငံ၏ တရားဥပဒေများနှင့် စည်းမျဉ်းဥပဒေများကို လေးစားရန် တာဝန်ရှိကြသည်။ ထို့ပြင် ၎င်းတို့သည် ထိုနိုင်ငံ၏ ပြည်တွင်းရေးရာကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုရန်လည်း တာဝန်ရှိသည်" ဟု ဖော်ပြထားပါသည်။

၄။ အထက်ဖော်ပြပါဖြစ်စဉ်၌ အမေရိကန်နိုင်ငံသားနှစ်ဦးနှင့် သံရုံးဝန်ထမ်း၏ ဥပဒေနှင့် ဆန့်ကျင်သည့် ပြုမူဆောင်ရွက်မှုသည် သက်ဆိုင်ရာနိုင်ငံရှိ ပြည်သူများ၏ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေသည်။ ထို့ပြင် ယင်းလုပ်ရပ်သည် လက်ခံနိုင်ငံ၏ တည်ဆဲဥပဒေများနှင့် လမ်းညွှန်ချက်များ၊ သံတမန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို ပြောင်ပြောင်တင်းတင်းချိုးဖောက်လိုက်ခြင်းဖြစ်သဖြင့် ယင်းလုပ်ရပ်အပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ပြင်းထန်စွာ ကန့်ကွက်သည်။ မြန်မာနိုင်ငံ၏ ကိုဗစ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး စည်းကမ်းချက်များအား တိတိကျကျလိုက်နာရန် ထပ်မံအသိပေးအပ်ပါသည်။ မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ဗီဇမျိုးကွဲများ ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် လိုအပ်သည့် အရေးယူဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**(မြဝတီသတင်းစာ ၁၁-၁-၂၀၂၂)**

- **ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၁၆-၁၂-၂၀၂၁ ရက်တွင် ထုတ်ပြန်ထားသော "အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ဂိတ်များနှင့် နယ်စပ်ဝင်/ ထွက်ဂိတ်များမှ မြန်မာနိုင်ငံသို့ လာရောက်မည့်ခရီးသွားများအတွက် အသွားလာကန့်သတ်မှုနှင့် ဓါတ်ခွဲစမ်းသပ်စစ်ဆေးခြင်းဆောင်ရွက်မည့်အစီအစဉ်နှင့်စပ်လျဉ်း၍ ထပ်မံဖြည့်စွက်ထားသည့်လုပ်ငန်းစဉ်" ကြေညာချက်ကို ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသို့ ပေးပို့ထားပြီး ယင်းအတိုင်း လိုက်နာရန် အသိပေးပြီးဖြစ်။**
- **၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂ ရက်နှင့် ၃ ရက်တို့တွင် မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် အမေရိကန်နိုင်ငံသား ၂ ဦးတွင် ကိုဗစ်ရောဂါပိုးတွေ့ရှိခဲ့သဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသည့် စံသတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ထားသည့် ဆေးရုံများသို့ တက်ရောက်ကုသမှုခံယူရန် အသိပေးခဲ့သော်လည်း အမေရိကန်သံရုံးဝန်ထမ်းတစ်ဦးနှင့် အပေါင်းအပါတို့က မည်သည့်ခွင့်ပြုချက်မှမပါရှိဘဲ ပိုးတွေ့ရှိသူ အမေရိကန်နိုင်ငံသားနှစ်ဦးအား ၎င်းတို့၏အစီအစဉ်ဖြင့် ကုသမည်ဆိုကာ ပြန်လည်ခေါ်ဆောင်သွားခဲ့။**
- **ယင်းလုပ်ရပ်သည် လက်ခံနိုင်ငံ၏ တည်ဆဲဥပဒေများနှင့် လမ်းညွှန်ချက်များ၊ သံတမန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို ပြောင်ပြောင်တင်းတင်းချိုးဖောက်လိုက်ခြင်းဖြစ်သဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ခဲ့။**
- **မြန်မာနိုင်ငံ၏ ကိုဗစ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးစည်းကမ်းချက်များအား တိတိကျကျလိုက်နာရန် ထပ်မံအသိပေးအပ်ပြီး မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ဗီဇမျိုးကွဲများ ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် လိုအပ်သည့် အရေးယူဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်။**

# ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးပြောကြား



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် ဇန်နဝါရီလ ၁၀ ရက်၌ ကျင်းပခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့တွင် တာဝန်ထမ်းဆောင်မည့် အမှုထမ်း(ဒုတိယဦးစီးမှူး)များ လုပ်ငန်းခွင်အကြို စွမ်းရည်မြှင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၂) ဖွင့်ပွဲတွင် ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေးနှင့်ပတ်သက်၍ ပြောကြားခဲ့ရာ-

- ရွေးကောက်ပွဲများကျင်းပရာတွင် လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲများဖြစ်ရန် လိုအပ်သည့်အားလျော်စွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကော်မရှင်၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေသကဲ့သို့ ရွေးကောက်ပွဲကျင်းပပေးရေးတာဝန်ကိုလည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း။
- လာမည့်ရွေးကောက်ပွဲကို ယခင်ရွေးကောက်ပွဲများတွင် ကျင့်သုံးခဲ့သည့် မဲများသူ အနိုင်ရ(FPTP)စနစ်အစား အချိုးကျကိုယ်စားပြုစနစ်(PR)သို့ ပြောင်းလဲကျင့်သုံးနိုင်ရေး အတွက် နိုင်ငံရေးပါတီများနှင့် ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊ PR စနစ်အတွက် ကိုက်ညီမည့်ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များ၊ လက်စွဲများပြင်ဆင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း။
- လာမည့်ရွေးကောက်ပွဲကိုကျင်းပရာတွင် ကော်မရှင်အနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့်၊ တစ်နည်းအားဖြင့် ဘက်လိုက်မှုမရှိသည့် သန့်ရှင်းသောရွေးကောက်ပွဲဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘက်လိုက်မှုကင်းရန် ရွေးကောက်ပွဲလုပ်ငန်းစဉ်တိုင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း၊ သို့ဖြစ်၍ ကော်မရှင်တွင် တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများသည်လည်း ဥပဒေ၊ နည်းဥပဒေများကို မဖြစ်မနေသိရှိကျွမ်းကျင်နေအောင် လေ့လာထားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သင်တန်းသား၊ သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး သင်တန်းကို ဇန်နဝါရီလ ၁၀ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရပါသည်။

**(မြဝတီသတင်းစာ ၁၁-၁-၂၀၂၂)**

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကော်မရှင်၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေသကဲ့သို့ ရွေးကောက်ပွဲကျင်းပပေးရေးတာဝန်ကိုလည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိ။
- လာမည့်ရွေးကောက်ပွဲကို ယခင်ရွေးကောက်ပွဲများတွင် ကျင့်သုံးခဲ့သည့် မဲများသူ အနိုင်ရ(FPTP)စနစ်အစား အချိုးကျကိုယ်စားပြုစနစ်(PR)သို့ ပြောင်းလဲကျင့်သုံးနိုင်ရေးအတွက် နိုင်ငံရေးပါတီများနှင့်ဆွေးနွေးဆောင်ရွက်လျက်ရှိ၊ PR စနစ်အတွက် ကိုက်ညီမည့်ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များ၊ လက်စွဲများပြင်ဆင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိ။
- လာမည့်ရွေးကောက်ပွဲကိုကျင်းပရာတွင် ကော်မရှင်အနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့်၊ တစ်နည်းအားဖြင့် ဘက်လိုက်မှုမရှိသည့် သန့်ရှင်းသောရွေးကောက်ပွဲဖြစ်အောင်ဆောင်ရွက်သွားမည်ဖြစ်။

## ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် တောင်ကြီးမြို့နှင့် ရပ်စောက်မြို့နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ သွားရောက်ကြည့်ရှုစစ်ဆေး



ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ဇန်နဝါရီလ ၉ ရက်တွင်–

- တောင်ကြီးမြို့နယ်၊ ပင်းပက်ဒေသရှိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ရာနှုန်းပြည့်မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်သော Shan Yoma Cement Co.,Ltd ၏ တစ်နေ့လျှင် တန်(၁၀၀၀)ကျ စက်ရုံတည်ဆောက်ပြီး ဘိလပ်မြေထုတ်လုပ်မှုများကိုလည်းကောင်း၊ စက်ရုံဝင်းအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ထောပတ်သီးစိုက်ခင်းနှင့် ထောပတ်သီးစိုက်ပျိုးထုတ်လုပ်သူများ စုပေါင်းဆောင်ရွက်လျက်ရှိသည့် ထောပတ်သီးဆီကြော်သန့်စင်၊ ထုတ်ပိုးမှုစက်ရုံသို့လည်းကောင်း သွားရောက်ခဲ့။
- ရပ်စောက်မြို့နယ်၊ မကျီးကုန်းကျေးရွာအုပ်စု၊ ကြာအင်းကျေးရွာရှိ Unique Lawksawk Mango Public Co., Ltd. ၏ သရက်သီးသန့်စင်ထုတ်ပိုးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ သရက်သီးစိုက်တောင်သူများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ သရက်သီးအပြင် အခြားဈေးကွက်ဝင်သီးနှံများကိုပါ အဆင့်မီထုတ်ပိုးဈေးကွက်တင်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့။
- ဇန်နဝါရီလ ၁၀ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)ကုန်သည်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ပြီး နိုင်ငံရေးအပြောင်းအလဲတွင် နိုင်ငံ၏စီးပွားရေးထိခိုက်မှုမရှိစေရေးအတွက် နိုင်ငံတော်အစိုးရနှင့် စီးပွားရေးလုပ်ငန်း

ရှင်များအားလုံး လက်တွဲပြီး ပူးပေါင်းဆောင်ရွက်သွားရန် လိုကြောင်း ပြောကြားခဲ့သည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စီးပွားရေးဝန်ကြီး ဦးခွန်သိန်းမောင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပြီး စီးပွားရေးလုပ်ငန်းရှင်များက လုပ်ကိုင်ဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့်အခက်အခဲများ၊ နိုင်ငံတော်အစိုးရက ပံ့ပိုးကူညီပေးရန် လိုအပ်သည့်အချက်များနှင့် အကြံပြုချက်များကို ဆွေးနွေးခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၁၁-၁-၂၀၂၂)**

- **တောင်ကြီးမြို့နယ်၊ ပင်းပက်ဒေသရှိ Shan Yoma Cement Co.,Ltd ၏ တနေ့လျှင် တန်(၁,၀၀၀)ကျ စက်ရုံတည်ဆောက်ပြီး ဘိလပ်မြေထုတ်လုပ်ခြင်းသို့လည်းကောင်း၊ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်သူများ၏ ထောပတ်သီးဆေးကြောသန့်စင်ထုတ်ပိုးမှု စက်ရုံသို့လည်းကောင်း၊ ရပ်စောက်မြို့နယ်၊ ကြာအင်းကျေးရွာရှိ Unique Lawksawk Mango Public Co., Ltd. ၏ သရက်သီးသန့်စင်ထုတ်ပိုးခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း သွားရောက်စစ်ဆေးခဲ့။**
- **နိုင်ငံရေးအပြောင်းအလဲတွင် နိုင်ငံ၏စီးပွားရေးထိခိုက်မှုမရှိစေရေးအတွက် နိုင်ငံတော်အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များအားလုံးလက်တွဲပြီး ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားခဲ့။**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ



**နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့၌ အောက်ဆီဂျင်စက်ရုံသစ်ဖွင့်လှစ်နေမှု**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသော Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးခြင်းတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ ၁၀ ရက်တွင် တတိယအကြိမ်အဖြစ် ၄၇၆ ဦးအား လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၄၀,၆၀၆ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၄၆,၄၇၅ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်

ဆေးထိုးနှံပြီးစီးမှုမှာ ဇန်နဝါရီလ ၁၀ ရက်တွင် ဒုတိယအကြိမ်အဖြစ် ၁၁,၂၆၇ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ၃,၁၁၇ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ဇန်နဝါရီလ ၁၀ ရက်အထိ ကျောင်းသား/သူစုစုပေါင်း ၁,၅၁၄,၅၈၈ ဦးကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။

- ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်ရှိ ဘင်္ဂါလီများနှင့် IDPs စခန်း၌ ခိုလှုံနေကြသည့် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိ။
- ထားဝယ်ခရိုင်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ဆရာဝန်များ၊ သူနာပြုများ၊ ကြက်ခြေနီအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၂၅ သိန်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့။
- စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမြို့နယ်ရှိ ပြည်သူ့ဆေးရုံဝင်း၌ အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် တည်ဆောက်ခဲ့သော ၁ ရက်လျှင် လီတာ ၄၀ ဝင် အောက်ဆီဂျင်အိုး အလုံး ၈၀ ထုတ်လုပ်ပေးနိုင်သည့် အောက်ဆီဂျင်စက်ရုံကို သက်ဆိုင်ရာတာဝန်ရှိသူများက ဇန်နဝါရီလ ၁၀ ရက်တွင် ဖွင့်လှစ်ပေးခဲ့။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ ၁၀ ရက်တွင် ဓာတ်ခွဲနမူနာစုစု ပေါင်း ၈,၈၃၂ ခုအားစစ်ဆေးခဲ့ပြီး၊ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀၅ ဦးဖြင့် ရောဂါပိုးတွေ့ရှိမှု ၁.၂၀ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၁၀-၁-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၆,၁၄၀,၆၀၈ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၃၂,၁၆၇ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၂၉၃ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၁-၁-၂၀၂၂)**



**တောင်ငူမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု**




**တာချီလိတ်မြို့ရှိ ဒေသခံတိုင်းရင်းသားများအား ကိုဗစ်-၁၉ ရောဂါကွယ်ဆေးထိုးနှံပေးနေမှု**



**ကော့ကရိတ်မြို့နယ်အတွင်းရှိ ကျောင်းသား/သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု**



**မိုးကောင်းမြို့နယ်ရှိ ကျောင်းသား/သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု**

- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ ၁၀ ရက်တွင် တတိယအကြိမ်အဖြစ် ၄၇၆ ဦးအားလည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၄၀,၆၀၆ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၄၆,၄၇၅ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- ၁၀-၁-၂၀၂၂ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူ စုစုပေါင်း ၁,၅၁၄,၅၈၈ ဦး ကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်ရှိ ဘင်္ဂါလီများနှင့် IDPs စခန်း၌ ခိုလှုံနေကြသည့် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိ။

## ယင်းမာပင်မြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရန်အတွက် ဦးနှောက်ကျေးရွာ၌ စုဝေးရောက်ရှိနေသည့် အကြမ်းဖက်အဖွဲ့များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ဖမ်းဆီး



**ယင်းမာပင်မြို့နယ်အတွင်း ဦးနှောက်ကျေးရွာသို့ ရောက်ရှိနေသည့် အကြမ်းဖက်အဖွဲ့များအား ဝင်ရောက်ဖမ်းဆီးစဉ် သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများ**

ဇန်နဝါရီလ ၁၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရန်အတွက် PDF အမည်ခံ အကြမ်းဖက်သမား အင်အား ၅၀ ဦးခန့်သည် ဦးနှောက်ကျေးရွာ၌ စုဝေးနေကြောင်း ဆူပူအကြမ်းဖက်မှုကိုမလိုလားသည့် ကျေးရွာသားအချို့က ကျေးရွာအနီးဆုံးရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်ဆက်သွယ်သတင်းပို့လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါကျေးရွာအတွင်းသို့ ဝင်ရောက်ဖမ်းဆီးစဉ် အကြမ်းဖက်သမားများနှင့် အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ကာ အကြမ်းဖက်သမားများ ကျေးရွာ၏ တောင်ဘက်သို့ ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားခဲ့ပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အကြမ်းဖက်သမား ၅ ဦးအား အသေဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ထံမှ M4A1 သေနတ် ၁ လက်၊ MK 12 သေနတ် ၁ လက်၊ လက်လုပ်ခါးချိုးသေနတ် ၁၄ လက်၊ လက်လုပ်သေနတ်အတို ၃ လက်၊ လက်လုပ်စိန်ပြောင်း ၂ လက်၊ လက်ပစ်ဗုံး ၂ လုံး၊ လက်လုပ်စိန်ပြောင်းဗုံးသီး ၁၆ လုံး၊ ကျည်မျိုးစုံ ၁၅၅ တောင့်၊ ကျည်အိမ် ၃ ခု ၊ လမ်းလျှောက်စကားပြော



**ယင်းမာပင်မြို့နယ်အတွင်း ဦးနှောက်ကျေးရွာသို့ ရောက်ရှိနေသည့် အကြမ်းဖက်အဖွဲ့များအား ဝင်ရောက်ဖမ်းဆီးစဉ် သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများ**

စက် ၂ လုံး၊ ဖောက်ခွဲဖျက်ဆီးမှုများပြုလုပ်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ၊ Ford အမျိုးအစား မော်တော်ယာဉ် ၁ စီးတို့အား သိမ်းဆည်းရမိခဲ့ပါသည်။

အကြမ်းဖက်သမားများအနေဖြင့် ကျေးရွာအချို့တွင်း ဝင်ရောက်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ မတရားသဖြင့်အနိုင်ကျင့်ခံနေရသော ဒေသခံပြည်သူများက အကြမ်းဖက်သမားများအား မလိုလားသဖြင့် ၎င်းတို့၏လှုပ်ရှားမှုသတင်းများအား လျှို့ဝှက်စွာပေးပို့လျက်ရှိရာ လုံခြုံရေးတပ်ဖွဲ့များက ရရှိသည့်သတင်းများပေါ်မူတည်ပြီး ROE နှင့်အညီ နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၁-၁-၂၀၂၂)**

- **ယင်းမာပင်မြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရန်အတွက် PDF အမည်ခံ အကြမ်းဖက်သမားများ ဦးနှောက်ကျေးရွာ၌ စုဝေးနေကြောင်း ကျေးရွာသားအချို့က သတင်းပို့လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးခဲ့ရာ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများထံမှ အလောင်း ၅ လောင်း၊ လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းအချို့ သိမ်းဆည်းရမိခဲ့။**
- **အကြမ်းဖက်သမားများအနေဖြင့် ကျေးရွာအချို့တွင်းဝင်ရောက်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ မတရားသဖြင့်အနိုင်ကျင့်ခံနေရသော ဒေသခံပြည်သူများက အကြမ်းဖက်သမားများအား မလိုလားသဖြင့် ၎င်းတို့၏ လှုပ်ရှားမှုသတင်းများအား လျှို့ဝှက်စွာပေးပို့လျက်ရှိရာ လုံခြုံရေးတပ်ဖွဲ့များက ရရှိသည့်သတင်းများပေါ်မူတည်ပြီး ROE နှင့်အညီ နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိ။**

# တကောင်းနီကယ်စက်ရုံသို့ သွယ်တန်းထားသည့် လျှပ်စစ်တာဝါတိုင်များအား မိုင်းထောင်ဖောက်ခွဲခဲ့သည့် အကြမ်းဖက်သမားအချို့ ဖမ်းဆီးရမိ



**သိမ်းဆည်းရမိလက်လုပ်သေနတ်၊ တူမီးသေနတ်၊ လက်လုပ်မိုင်းနှင့် ဆက်စပ်ပစ္စည်းများ**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်အတွင်းရှိ တကောင်းနီကယ်စက်ရုံသို့ သွယ်တန်းထားသည့် လျှပ်စစ်တာဝါတိုင်များအား ဇန်နဝါရီလ ၇ ရက်တွင် အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့်သတင်းအား ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်ထုတ် VOLUME 1, ISSUE 9၊ Information Sheet သတင်းလွှာတွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများအား အမြန်ဆုံးဖမ်းဆီးဖော်ထုတ်ရမိရေးဆောင်ရွက်လျက်ရှိစဉ် ဇန်နဝါရီလ ၁၀ ရက်တွင် သံခြေတောင်ကျေးရွာလမ်းဆုံနေရာ၌ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ပြန်လည်ပစ်ခတ်ဖမ်းဆီးခဲ့ရာ အကြမ်းဖက်သမား ၃ ဦးကို လက်လုပ်သေနတ် ၂ လက်၊ တူမီးသေနတ် ၁ လက်၊ လက်လုပ်မိုင်း ၁ လုံး၊ အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ် ၂ စီးနှင့်အတူ အသေဖမ်းဆီးရမိခဲ့ပါသည်။

ဖော်ထုတ်စစ်ဆေးချက်များအရ အဆိုပါသေဆုံးခဲ့သည့် အကြမ်းဖက်သမားများမှာ ဇန်နဝါရီ ၇ ရက်က ထီးချိုင့်မြို့နယ်ရှိ တကောင်းနီကယ်စက်ရုံသို့ သွယ်တန်းထားသော လျှပ်စစ်တာဝါတိုင်များအား မိုင်းထောင်ဖောက်ခွဲမှုဖြစ်စဉ်တွင် ပါဝင်ခဲ့သည့် အကြမ်းဖက်သမားများဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများအား ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၁-၁-၂၀၂၂)**

- **လုံခြုံရေးတပ်ဖွဲ့ဝင်များအား သံခြေတောင်ကျေးရွာလမ်းဆုံနေရာ၌ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ပြန်လည်ပစ်ခတ်ဖမ်းဆီးခဲ့ရာ အကြမ်းဖက်သမား ၃ ဦးကို လက်လုပ်သေနတ် ၂ လက်၊ တူမီးသေနတ် ၁ လက်၊ လက်လုပ်မိုင်း ၁ လုံး၊ အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ် ၂ စီးနှင့်အတူ အသေဖမ်းဆီးရမိခဲ့။**
- **ဖော်ထုတ်စစ်ဆေးချက်များအရ အဆိုပါသေဆုံးခဲ့သည့် အကြမ်းဖက်သမားများမှာ ထီးချိုင့်မြို့နယ်ရှိ တကောင်းနီကယ်စက်ရုံသို့ သွယ်တန်းထားသော လျှပ်စစ်တာဝါတိုင်များအား မိုင်းထောင်ဖောက်ခွဲမှုဖြစ်စဉ်တွင် ပါဝင်ခဲ့သည့် အကြမ်းဖက်သမားများဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများအား ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဖော်ထုတ်လျက်ရှိ။**

# လွိုင်လင်မြို့နယ်တွင် ငွေကျပ် ၁၇ ဒသမ ၃ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)များ သိမ်းဆည်းရမိ




**သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များ**

လွိုင်လင်မြို့နယ်တွင် ငွေကျပ် ၁၇ ဒသမ ၃ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)များ ဖမ်းဆီးရမိခဲ့ပါသည်။ ဇန်နဝါရီလ ၇ ရက် ညနေ ၆ နာရီခန့်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည်–

- ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်မြို့နယ် လွိုင်လင်–တောင်ကြီးသွားကားလမ်း၊ ဟိုတင့်ကျေးရွာအနီး၌ လွိုင်လင်မှတောင်ကြီးဘက်သို့ မြင့်စိုးမောင်းနှင်ပြီး ကျော်စိုင်း(ခ) အားကျုံးလိုက်ပါလာသည့် ISUZU ၁၂ ဘီး မော်တော်ယာဉ်အား သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ အိုက်စ်(မက်သ်အဖက်တမင်း) ၆၃၅ ကီလို သိမ်းဆည်းရမိခဲ့။
- သတင်းကွင်းဆက်အရ ည ၇ နာရီခန့်တွင် လွိုင်လင်–တောင်ကြီးသွားကားလမ်း၊ ချိုခမ်းကျေးရွာနှင့် မိုင်းပွန်ကျေးရွာကြား၌ သက်ဖူးမောင်းနှင်ပြီး ဇေခေါင်လိုက်ပါလာသည့် ISUZU ၁၂ ဘီး မော်တော်ယာဉ်အား ဆက်လက်ရှာဖွေရာ ယာဉ်ပေါ်မှ အိုက်စ်(မက်သ်အဖက်တမင်း) ၆ဝ၃ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့။
- ည ၈ နာရီခန့်တွင် မူးယစ်ဆေးဝါးများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် ကိုအောင်(ခ)နော်တောင်နှင့် မာလ(ခ)ရှူရွှယ်တို့အား လွိုင်လင်မြို့အဝင် တိုးဂိတ်အနီး၌ HIJET မော်တော်ယာဉ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ် ၁၇ ဒသမ ၃ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁,၂၃၈ ကီလို သိမ်းဆည်းရမိခဲ့။

စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များအား တန့်ယန်းမြို့နယ်၊ မိုင်းကောင်မှ တောင်ကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ ၆ ဦးအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၁–၁–၂၀၂၂)**

- **ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်တွင် မူးယစ်ဆေးဝါးသယ်ဆောင်သည့် တရားခံ ၆ ဦးနှင့်အတူ ငွေကျပ် ၁၇ ဒသမ ၃ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)များ ဖမ်းဆီးရမိခဲ့။**